ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၏ ဆွေးနွေးပြောကြားချက် အကျဉ်းချုပ်

၁။ ယနေ့ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၆)ရက် ရန်ကုန်မြို့၊ ရွှေလီလမ်း၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှစ်ဖက်အဖွဲ့အစည်းများမှ မိတ်ဆွေ၊ ရဲဘော်ရဲဘက်များအားလုံးကို ပြန်လည်ဆုံတွေ့ရသည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

၂။ ကျွန်တော့်အနေဖြင့် ယနေ့တွေ့ဆုံဆွေးနွေးပွဲကို ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌတစ်ဦး အနေဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တစ်ဦးအနေဖြင့်သော်လည်းကောင်း တက်ရောက်လာခြင်းဖြစ်ပါတယ်။ မိမိတို့အနိုင်ရပါတီအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုဆိုသည်မှာ ခွဲထွက်ခြင်းမဟုတ်သော၊ ပေါင်းစည်းခြင်းကိုအခြေခံသော ပြည်ထောင်စုစနစ်ဖြစ်သည်ဟု ခံယူပါသည်။ တိုင်းရင်းသားများ လိုလားတောင့်တနေသော ဒီမိုကရေစီရေး၊ တန်းတူညီမျှရေးနှင့် ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းခွင့်ရရှိရေး တည်းဟူသော အချက်များအပေါ် အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် မိမိတို့လွှတ်တော်များမှ ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ မိမိတို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးကို အထူးလိုလားကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လျက် ရှိကြောင်း တင်ပြပြောကြားလိုပါတယ်။

၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အဓိကစိုးရိမ်နေကြသည်မှာ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးအာမခံချက်ရရှိရန်ဖြစ်သည်ကို နိုင်ငံတော်က နားလည်သဘောပေါက်ပါသည်။ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံရေးအာမခံချက်အတွက် စိုးရိမ်စရာမလိုတော့ကြောင်း၊ အဓိကအရေးကြီးသည်မှာ အားလုံးညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးရာတွင်လည်း ယုံကြည်မှု၊ ရိုးသားမှု၊ ကတိတည်မှုများဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။

၄။ ပြီးခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲတွင် ကျွန်တော်တို့သည် နှစ်ဖက်ရင်းနှီးခင်မင်စွာဖြင့် (NCA) တွင် ပါဝင်သည့် အချက်(၁၃)ချက်ကို ဆွေးနွေးခဲ့ပြီး အချက်(၁၀)ချက်ကို သဘောတူနိုင်ခဲ့ပါသည်။ ကျန်ရှိသော အချက်များကို နှစ်ဖက်အဖွဲ့အစည်းမှ မိမိတို့၏ သက်ဆိုင်ရာခေါင်းဆောင်ကြီးများထံတင်ပြပြီး သဘောထားရယူခဲ့ကြောင်း သိရှိရပါသည်။ ဒါကြောင့် ဒီနေ့တွေ့ဆုံဆွေးနွေးပွဲမှာ (NCA) ထဲမှာပါတဲ့ အဓိက အချက်(၃)ချက်ကို ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရယူကြပြီး၊ (NCA) စာချုပ်(အတည်ပြုမူကြမ်း) ကို အချောသပ်နိုင်ပြီဆိုပါက တွေ့ဆုံဆွေးနွေးနေကြတဲ့ ကျွန်တော်တို့နှစ်ဖက်အဖွဲ့အစည်းရဲ့ ကြီးမားတဲ့တာဝန်တစ်ခု အောင်မြင်စွာပြီးမြောက်သွားပြီလို့ ပြောရမှာဖြစ်ပါတယ်။ စာချုပ်အချောသပ်အတည်ပြုပြီးပါက လက်မှတ်ရေးထိုးကြမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ သက်သေများကိစ္စနှင့် လက်မှတ်ရေးထိုးမည့် နေ့ရက်တို့ကို နှစ်ဖက်တာဝန်ရှိပုဂ္ဂိုလ်များ ဆက်လက်တွေ့ဆုံဆွေးနွေးကြမည်ဆိုပါက လုပ်ငန်းစဉ်များအားလုံး ပြီးမြောက်သွားနိုင်မည်ဟု တင်ပြဆွေးနွေးလိုပါသည်။ ကျွန်တော့်အနေဖြင့် နိဂုံးချုပ် တင်ပြဆွေးနွေးလိုသည်မှာ-

(၁) NCA စာချုပ် (အတည်ပြုမူကြမ်း)ကို အချောသပ်နိုင်အောင်ဦးစွာ ကြိုးပမ်းပေးကြပါ။

(၂) လက်မှတ်ရေးထိုးမည့်ကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်အောင်အားလုံးဝိုင်းဝန်းကြိုးပမ်းပေးကြပါ။

(၃) နိုင်ငံတော်၏ ဒီမိုကရေစီခရီးလမ်းကို စဉ်ဆက်မပြတ်ခရီးဆက်နိုင်အောင် ကြိုးပမ်းပေးကြပါ။

(၄) ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်နိုင်အောင်ကြိုးပမ်းပေးကြပါ။

(၅) ဂုဏ်သိက္ခာရှိသောနိုင်ငံတော်ကို ဖော်ဆောင်ပေးကြပြီး ဒီမိုကရေစီခရီးလမ်းမှာ အားလုံးပါဝင်လာနိုင်ရေး ကြိုးပမ်းပေးကြပါလို့ နှိုးဆော်တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။